# မီးဘေးလုံခြုံရေး(ဆင့်ပွား)ရက်တို သင်တန်း ကို စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဗဟိုစာရင်းအင်းအဖွဲ့တွင် ဖွင့်လှစ်ခြင်း

**မီးဘေးလုံခြုံရေး(ဆင့်ပွား)ရက်တိုသင်တန်း**အခမ်းအနားကို ၁၇-၁၀-၂၀၂၂ ရက်နေ့မှ ၂၁-၁၀-၂၀၂၂ ရက်နေ့အထိ ရုံးအမှတ် (၃၂)၊ ဗဟိုစာရင်းအင်းအဖွဲ့၏ သင်တန်းခန်းမ၌ ၅ ရက်ကြာ စာတွေ့/လက်တွေ့ ဖွင့်လှစ်ပို့ချခဲ့ပါသည်။

**သင်တန်းဖွင့်လှစ်ရသည့် အဓိကရည်ရွယ်ချက်များမှာ-**

(က) မီးဘေးလုံခြုံရေးသတိနှင့် အသိပညာများ ပိုမိုရရှိစေရန်။

(ခ) မီးဘေးနှင့်သဘာဝဘေးအန္တရာယ်များအတွက် ရုံး/ဌာနများနှင့် အိမ်ရာများတွင် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ထားရှိစေရန်။

(ဂ) မီးငြိမ်းသတ်ရေး ပစ္စည်းကိရိယာများကို နားလည်တတ်ကျွမ်းစေရန်။

(ဃ) မီးဘေးလုံခြုံရေးနှင့် အရေးပေါ်တုံ့ပြန်ရေးစီမံချက်ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်ရန်နှင့် ဆောင်ရွက်ရမည့်လုပ်ငန်းတာဝန်များကို သိရှိလိုက်နာစေရန်။

(င) မီးဘေးလုံခြုံရေးအတွက် ကြိုတင်လေ့ကျင့်မှုများနှင့် ဆက်တိုက်လေ့ကျင့်ခြင်းများ ဆောင်ရွက်ရန်။

**သင်ကြားပို့ချခဲ့သည့် အကြောင်းအရာများနှင့် တက်ရောက်ခဲ့မှုအခြေအနေများမှာ-**

သက်ဆိုင်ရာ ဌာန/အဖွဲ့အစည်းများနှင့် စပ်ဆက်လျက်ရှိသည့် ပတ်ဝန်းကျင်အသိုက်အဝန်း အားလုံးအတွက် မီးဘေးလုံခြုံရေးနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိ/ သတိနှင့် ကြိုတင်ကာကွယ်ရေး နည်းလမ်းများကို စာတွေ့/လက်တွေ့ပို့ချပေးခဲ့ပြီး၊ မီးဘေးလုံခြုံရေး အကဲဖြတ်မှုအနေဖြင့် လက်တွေ့အုပ်စု ဖွဲ့လေ့ကျင့်ခြင်းနှင့် ဇာတ်တိုက်လေ့ကျင့်ခြင်းတို့ကို မြန်မာနိုင်ငံမီးသတ်ဦးစီးဌာန နှင့်အတူ ပူးပေါင်းကာ ထိထိရောက်ရောက် ဆောင်ရွက်ခဲ့ကြပါသည်။

အဆိုပါသင်တန်းသို့ ဗဟိုစာရင်းအင်းအဖွဲ့မှ ရုံးချုပ်မှ (၁၇) ဦး၊ ပြည်ထောင်စုဝန်ကြီးရုံး၊ ရုံးအမှတ် ၃၂ (စီမံကိန်း)မှ (၃) ဦး၊ စီမံကိန်းစိစစ်ရေးနှင့်တိုးတက်မှုအစီရင်ခံရေးဦးစီးဌာနမှ (၅)ဦး စုစုပေါင်းအရာထမ်း၊ အမှုထမ်း (၂၅)ဦး တက်ရောက်ခဲ့ပါသည်။